# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 22, 2019 Volume 15, Number 14


**၂၂.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၈/ကျပ် |
| CBM Rate | = ၁၅၃၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၁.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၂.၀ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၂.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၀.၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၂၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၀၇ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၁၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၈၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၉၅ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာအပါအဝင် အိမ်နီးချင်းတွေနဲ့အကြား ကုန်သွယ်မှုမြှင့်တင်ရေး အိန္ဒိယစိတ်အားထက်သန်စွာ ကြိုးပမ်းနေ

အိန္ဒိယအစိုးရအနေနဲ့ လက်ရှိအချိန်မှာ ယင်းရဲ့အရှေ့မြောက် ပြည်နယ်တွေရဲ့ ကုန်သွယ်မှုဆိုင်ရာ အလားအလာတွေကို မြှင့်တင်သွားနိုင်ရေး စိတ်အား ထက်သန်စွာ လုပ်ဆောင်နေလျက်ရှိတယ်လို့ အိန္ဒိယဝန်ကြီးချုပ်ရုံးရဲ့ ဝန်ကြီးဖြစ်တဲ့ Jitendra Singh က ပြောကြားလိုက်ပါတယ်။

ယင်းသို့လုပ်ဆောင်ခြင်းအားဖြင့် အဆိုပါအရှေ့မြောက်ပိုင်းဒေသမှာ စီးပွားရေး ပိုင်းကိုမြှင့်တင်သွားနိုင်ရုံသာ ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ၎င်းကပြောပါတယ်။ ချိတ်ဆက်ဆက်ဆံမှုတွေကိုပိုမိုနီးကပ်စွာ ဆောင်ရွက် သွားနိုင်မှာဖြစ်ကြောင်း၎င်းကပြောပါတယ်။ ဒါကတော့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးအဖြစ် တာဝန်ယူတော့မယ့် Saurabh Kumar က ၎င်းကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်က လာရောက်တွေ့ဆုံစဉ် ဝန်ကြီး Jitendra Singh က အထက်ပါအတိုင်း ပြောကြားခဲ့တာလည်းဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ချင်းနီးကပ်နေတဲ့ အိန္ဒိယအရှေ့မြောက်ပြည်နယ် တွေမှာ ကုန်သွယ်မှုနဲ့စီးပွားရေး အလားအလာတိုးတက်အောင် အားပေး အားမြှောက်ပြုဖို့က အရေးကြီးကြောင်း ၎င်းကပြောကြားသွားခဲ့ပါတယ်။ အိန္ဒိယ ဝန်ကြီးချုပ် Narendra Modi ကလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့အကြား ကုန်သွယ်မှုပိုင်းအပေါ် ကြီးကြီးမားမားစိတ်ဝင်စားမှုရှိနေကြောင်း Singh က ပြောသွားပါတယ်။

**Source:** https://www.thedailystar.net/.../india-keen-closer-trade-ties...

## ပွင့်ဖြူဒေသမှ ဆူးပုပ်ပင်စိုက်တောင်သူများ ဝင်ငွေကောင်းနေကြ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းချောင်းတစ်လျှောက် ဝန်းကျင်ရှိ ကျေးရွာအများစုမှာ ကိုင်းမြေနုပေါ်တွင် ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေးများကို စိုက်ပျိုးကာ မိသားစုဝင်ငွေကောင်းနေကြောင်းသိရသည်။ မုန်းချောင်းကိုင်း

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

မြေနု ပေါ်တွင် ဒေးဒရဲကျေးရွာ၊ သာစည်ကျေးရွာ၊ သဲကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့မှတောင်သူများ ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာသီပေါ်သီးနှံစိုက်ပျိုးလျက်ရှိကြရာ ယခုအခါဆူးပုပ်ပင်မှ ဝင်ငွေကောင်းစွာရရှိနေသဖြင့် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူများပြားလာကြသည်။

ဆူးပုပ်ပင်စိုက်ပါက အစေ့တိုက်ရိုက်ချနည်းနဲ့ အပင်ပေါက်စိုက်နည်းဆိုပြီး နှစ်မျိုးရှိကြောင်း၊ အစေ့တိုက်ရိုက်ချ စိုက်ကြောင်း၊ အပင်စစိုက်လို့ တစ်နှစ်သားဆိုရင် စပြီးခူးဆွတ် ရောင်းချလို့ရကြောင်း၊ ကိုယ်တိုင်စိုက်ပျိုးခဲ့တာကြောင့် အလုပ်သမားစရိတ်လည်းမရှိကြောင်း၊ အခုလိုဆောင်းကာလဆို ဖောက်သည်ပေးရောင်းရကြောင်း၊ ဖောက်သည် မှာယူတဲ့အပေါ်မူတည်ပြီး အညွန့်တွေကိုက်ဖြတ်ရောင်းရကြောင်း၊ ကိုင်းမြေပတ်လည်ကို ဆူးပုပ်ပင်တွေနဲ့ စည်းရိုး လုပ်ထားတာဆိုတော့ အပိုဝင်ငွေရနေကြောင်း ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာနေ ဆူးပုပ်စိုက်တောင်သူ ဦးမောင်စန်းကပြောဆိုသည်။ ဆူးပုပ်ပင် သုည ဒသမ ၂၅ ဧကကို အပင် ၅၀၀၀ခန့်အထိ အတန်းလိုက် စိုက်ကြတာ တွေရှိကြောင်း၊ အဲဒီလို အခင်းလိုက်စိုက်မယ်ဆို အပင်တစ်နှစ်သားအရွယ်မှာ အညွန့်တွေစတင်ကိုက်ဖြတ် ရောင်းချနိုင်ကြောင်း၊ အပင်တစ်ပင်ကို ငါးရက်တစ်ကြိမ် အညွန့်တွေ ခူးကိုက်ရောင်းချရကြောင်း၊ အခုလက်ရှိမှာ ဆူးပုပ်ရွက်တစ်ပိဿာကို ကျပ် ၁၈၀၀ နဲ့ ဖောက်သည်ပေးရောင်းချနေရကြောင်း ၎င်းကရှင်းပြသည်။

ဆူးပုပ်ပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကိုနှစ်သက်ပြီး မြန်မာပြည်အလယ်ပိုင်းဒေသများဖြစ်သည့် ပွင့်ဖြူ၊ မင်းဘူး၊ စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်တို့တွင် ဥယျာဉ်ခြံများ၌ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြကြောင်းသိရသည်။ ဒေသကထွက်တဲ့ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေးရွက်တွေကို ၄က်ပျောဖက်နဲ့သေချာထုပ်ပိုးပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ကိုတင်ပို့ရောင်းချပြီး၊ ဆောင်းကာလမှာ အဓိကတင်ပို့ပြီး နွေမှာရွက်နုကျတာကြောင့် အထွက် နည်းကြောင်း၊ နယ်တွေတင်ပို့ရောင်းချတဲ့အခါ ဆူးပုပ်ရွက်တစ်ပိဿာ ကျပ် ၂၇၀၀ ကနေ ၃၀၀၀ အထိ ဈေးရကြောင်း ဆူးပုပ်ရွက်ဖောက်သည်ယူရောင်းချသူက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/119648.html

## ၂၀၂၀ ခုနှစ်တွင် FDA အသိအမှတ်လက်မှတ်ရရှိသည့် ဆီစက် ၁၅၀ ခန့်အထိ ရရှိနိုင်ရန်လုပ်ဆောင်မည်

FDA စစ်ဆေးပြီးသော ဆီစက်များကိုပိုမိုမြန်ဆန်စွာ ထောက်ခံချက်များပြုလုပ်ပေးပါက ၂၀၂၀ ခုနှစ်တွင် FDA ထောက်ခံချက်ရရှိသည့် ဆီစက်အလုံးပေါင်း ၁၅၀ ခန့်အထိ တိုးတက်ရရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးကပြောသည်။ မျိုးစေ့ရှားပါးတဲ့အတွက် ရာသီအချိန်နဲ့ ကိုက်ညီသည့် အရည်အသွေးမီမျိုးစေ့တွေရရှိလာဖို့ တောင်သူတွေနဲ့အကျိုးတူ(PPP) ပြုလုပ်ပြီး အခက်အခဲတွေကို လက်တွဲဖြေရှင်းနိုင်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပေးဖို့လည်း လိုအပ်နေကြောင်း ဦးခင်စိုးကပြောသည်။

ဆီစက်များအား အဆင့်မြှင့်တင်ခြင်းနှင့်အတူ ဈေးကွက်အတွင်းရှိ ဓါတုဗေဒအနံ့ရော Fake Market များ လွှမ်းမိုးလျက်ရှိခြင်းကို ပပျောက်နိုင်ရန်အတွက် တိကျသည့်လမ်းညွှန်ချက်နှင့်အညီ ပြတ်သားသည့်အရေးယူမှုများ ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်အတွင်း တရားမဝင် ရောင်းချထုတ်လုပ်နေသော စားသုံးဆီများ ကင်းရှင်းပပျောက်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ FDA နှင့် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ အကြံပြုချက်များကို အကောင် အထည်ဖော်ဆောင်ပေးရန် လိုအပ်နေကြောင်းသိရသည်။



အရင်က FDA ထောက်ခံချက်ရရှိတဲ့ ဆီစက် ၁၇ ခုလောက်ပဲ ရှိတယ်။ ယခု ဆီစက် ၄၆ ခုအထိ ရှိလာပြီ။ ပြည်တွင်း စားသုံးဆီ ထုတ်လုပ်သူတွေ နည်းပညာဗဟုသုတတွေ ရရှိစေဖို့အတွက် ထုတ်ကုန်ပြပွဲတွေ ကျင်းပပေးတာ။ သန့်ရှင်းကောင်းမွန်တဲ့ စားသုံးဆီတွေ ထုတ်လုပ်နိုင်ရေး ဆီစက်တွေတိုးချဲ့ တည်ဆောက်ဖို့ သဘောထားမှတ်ချက်တောင်းခံလာမှုနဲ့ စက်မှုလုပ်ငန်း မှတ်ပုံတင်လျှောက်ထားလာမှုတွေကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း ဦးခင်စိုးက ဆိုသည်။

မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းအား ၂၀၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းကာ ပြည်တွင်းဆီစက်များ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရန်၊ ပြည်တွင်းစားသုံးဆီနှင့် ဆီထွက်သီးနှံဖွံ့ဖြိုး လာစေရန်၊ စားသုံးသူများ ဆီကောင်းဆီသန့်

စားသုံးနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေကြောင်း ၎င်းကဆက်လက်ပြောသည်။ လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် ဆီစက်အလုံးရေပေါင်း ၃,၀၀၀ ဝန်ကျင်းထိရှိသော်လည်း လည်ပတ်နိုင်သည့် ဆီစက် များမှာ ၃၀၀ ဝန်းကျင်ခန့်သာရှိပြီး၊ ဆီစက်အများစုမှာ နိုင်ငံခြားမှဝင်ရောက်လာသည့်ဆီများကို ဈေးနှုန်းမယှဉ်နိုင်သဖြင့် ရပ်နားခဲ့ရကြောင်းသိရသည်။ အသင်း၏ရည်မှန်းချက်ဖြစ်သည့် ပြည်တွင်းဆီနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးမှ အခြေခံရာမှာ တောင်သူများကို ပံ့ပိုးပေးနိုင်ရန်အတွက် နည်းပညာရရန် တရုတ်နိုင်ငံသို့သွားရောက်လေ့လာကာ တရုတ်နိုင်ငံမှ စက်ကိရိယာနှင့် နည်းပညာရှင်များဖြင့် မြေပဲကိုလက်ရှိတွင် စမ်းသပ်စိုက်ပျိုးနေကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5776

## နွေစပါးပေါ်ချိန်တွင် တောင်သူများအခက်အခဲမရှိစေရန် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သွားမည်



လာမည့် နွေစပါးသစ်ပေါ်ချိန်တွင် တောင်သူများ အခက်အခဲမရှိစေရန် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်မှာ ဆွေးနွေးပွဲတွေ ဆက်တိုက်လုပ်ဖို့ရှိပြီး အစီအစဉ်တွေ ချမှတ်မှာဖြစ်ကြောင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် အခြားဈေးကွက်တွေ တိုးချဲ့ဖို့ရှိကြောင်း ၎င်းက ဆိုသည်။ ယင်းအပြင် နွေစပါးပေါ်ချိန်မှာ တောင်သူများ အခက်အခဲမရှိစေရန် ဘက်ပေါင်းစုံမှ ဆွေးနွေးအဖြေရှာ ဆောင်ရွက်ပေးသွားရန် ပြင်ဆင်နေပြီး၊ အစိုးရပိုင်းမှလဲ ပူးပေါင်းပါဝင်ပေးမည်ဟု ပြောဆိုထားသည်ဟုဆိုသည်။ ဈေးကွက်သစ်အနေဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်နှင့် အာဖရိကနိုင်ငံများထဲ၌ ထပ်မံဝယ်ယူနိုင်ရန် အလားအလာရှိသည့်နိုင်ငံများကို ချဲ့ထွင်ရှာဖွေသွားမည်ဖြစ်ကြောင်း အသင်းချုပ်မှသိရသည်။

လက်တလော မြန်မာ့ဆန်စပါးကဏ္ဍတွင် တရုတ်နိုင်ငံမှ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး စီမံချက်ကြောင့် တရုတ်နယ်စပ်မှဆန်တင်ပို့မှုကို ရပ်ဆိုင်းထားရသည့် အနေအထားသို့ရောက်ရှိနေပြီး၊ အီးယူကုန် သွယ်ရေးကော်မရှင်မှလည်း မြန်မာနိုင်ငံမှတင်သွင်းသည့် ဆန်လုံးရှည်အပေါ်တွင် သွင်းကုန်အခွန်(၃)နှစ် ပြန်လည်ကောက်ခံသွားရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါအခြေအနေများကြောင့် ပြည်တွင်းဆန်ဈေးကွက်အပေါ်တွင် ကြီးမားသောသက်ရောက်မှုမျိုး ရှိမလာနိုင်ကြောင်း ကုန်သည်များနှင့် အစိုးရတာဝန်ရှိသူများက ပြောဆိုထားကြသည်။

EU က အခွန်ကောက်မယ့်အချိန်မှာ အခြားဈေးကွက်ကို ရှာရမှာဖြစ်ကြောင်း၊ လက်ရှိသူတို့ရဲ့ အခွန်ကတော်တော်မြင့်တဲ့အတွက် လက်တလောတော့ ပေးနိုင်မှာမဟုတ်ဘူး။ ကိုယ့်ဘက်က ထုတ်လုပ်မှုစရိတ်တွေကို လျှော့ချနိုင်မယ်ဆိုရင်တော့ EU ဈေးကွက်ကို ပြန်ပို့နိုင်မှာပါ။ သူကလဲ တစ်နှစ်ချင်း လျှော့၊ လျှော့သွားဖို့တော့ရှိပါတယ်။ ၃ နှစ်ကျော်ရင်တော့ အပြောင်းအလဲဖြစ်နိုင်ပါတယ်။ ဒီဈေးကွက်ကို အများကြီးပို့တာ မဟုတ်တော့၊ တစ်ခြားဈေးကွက်အသစ်တွေကိုရှာပြီးတော့ ပို့လိုက်နိုင်ရင် ဒီလောက်ပမာဏကတော့ သိပ်ပြီးတော့ ဆိုးဆိုးဝါးဝါးမထိခိုက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကပြောသည်။

သို့သော် ဈေးကွက်သဘောတရားအရ အတက်အကျ ပုံမှန်ဖြစ်ပေါ်နေမည်ဖြစ်ရာ ဈေးကွက်ချဲ့ထွင်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် ထုတ်လုပ်မှုအပိုင်းတွင်လည်း အားလျှော့မသွားရန်လိုအပ်ကြောင်း ကုန်သည်များက ထောက်ပြပြောဆိုသည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် ၃ ဒသမ ၅ သန်းကျော် စံချိန်တင်၊ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း တစ်ထောင်ကျော် ပို့ကုန်ဝင်ငွေရှာပေးနိုင်ခဲ့သည်။ သို့သော် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လက်ရှိအချိန်ထိ ပြည်ပသို့ဆန်တန်ချိန် ၁ ဒသမ ၇ သန်းကျော်သာ တင်ပို့နိုင်သေးပြီး၊ တန်ချိန် ၂ သန်းပြည့်မီရန် ကြိုးစားဆောင်ရွက်ရမည့် အခြေအနေတွင်ရှိနေသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5775

## အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် ဒေသဇဟိုသုတေသနခြံများကို စတင်ထူထောင်နေ



အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် မြန်မာ့စိုက်ပျိုးရေး သုတေသန ပြန်လည်ရှင်သန်နိုးထရေးအတွက် (Farming System Research) သို့ ကူးပြောင်းဆောင်ရွက်ရန် ဒေသဇဟို သုတေသနခြံများကို စတင် ထူထောင်နေပြီဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရသည်။ လက်ရှိ သုတေသနစီမံချက်အသစ်များအတည်ပြုခြင်း ဆွေးနွေးပွဲမှ ပထမအကြိမ်အဖြစ် ရုံးချုပ်၊ ဌာနစုများမှ သုတေသနလုပ်ငန်းအသစ် (၃၀) နှင့် နယ်သုတေသနခြံများမှ သုတေသနလုပ်ငန်း အသစ် (၆၀) စုစုပေါင်း လုပ်ငန်း ၉၀ တို့ကို ရွေးချယ်အတည်ပြုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းကပြောသည်။

သုတေသနလုပ်ငန်းတွေကို အရင်က ဇဟိုထိန်းချုပ်မှုစနစ်နဲ့ဆောင်ရွက်ခဲ့တာ ၂၀၁၆ ခုနှစ်က စပြီးတော့ ရုံး ချုပ်က ချပေးတဲ့ သုတေသန လုပ်ငန်းတွေအပြင် ဒေသအလိုက် သုတေသနလုပ်ငန်းတွေ အဓိကလုပ်ငန်းတွေ ဖြစ်တဲ့ မျိုးကူးစပ်တာ၊ မျိုးသစ်ရှာဖွေတာတွေကို လုပ်ခွင့်ပေးလာလို့ ဇဟိုထိန်းချုပ်မှု လျော့ချလာနိုင်တဲ့ စနစ်ကို ပြောင်းလဲလာခဲ့တယ် ” ဟု ၎င်းကဆက်လက် ပြောသည်။ ယခုအခါ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သုတေသန ပညာရှင်များ၊ သုတေသန လုပ်ငန်းများတွင် ပါ ဝင် လွှမ်းမိုးမည်မဟုတ်ပဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပေး ထားမည်ဖြစ်ပြီး နည်းပညာအဖွဲ့ (Technical Board) မှ အဆင့်ဆင့်စီစစ်၍ အောင်မြင်သော/ လုပ်သင့်သောသုတေသနလုပ်ငန်းကိုသာ အတည်ပြုလုပ်ခွင့်ပေးသွားမှာဖြစ်၍ နည်းပညာအဖွဲ့ကသာ ထိန်းကျောင်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သို့ဖြစ်ရာ သုတေသနပညာရှင်များ/ လူငယ်သုတေသန ပညာရှင်များမှ သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ တီထွင်ကြံဆဆောင်ရွက်ကြပြီး တောင်သူလယ်သမားများ၏ လိုအပ်ချက်၊ စားသုံးသူများ၏ လိုအပ်ချက်များကို ဦးတည်သောသုတေသနလုပ်ငန်းများ၊ ရွေးချယ်အတည်ပြုခဲ့သည့် သုတေသနလုပ်ငန်းများကို Innovation and Team Work ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဦးနိုင်ကြည်ဝင်းကဆိုသည်။

လက်ရှိတွင်သုတေသနလုပ်ငန်းများကို အမျိုးသားအဆင့်သုတေသနလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသန လုပ်ငန်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မျိုးဆက်သစ်လူငယ်များ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများနှင့် ယှဉ်ပြိုင်မှု အခြေခံသုတေသနလုပ်ငန်းများဟူ၍ အမျိုးအစားခွဲလုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေးဌာနအနေဖြင့် (၃) နှစ်တာကာလအတွင်း လူစွမ်းအားအရည်အချင်းတိုးမြှင့်ခြင်းအစီအစဉ်ကြောင့် မဟာသိပ္ပံနှင့်ပါရဂူဘွဲ့ရ စုစုပေါင်း (၁၀၅) ဦးထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5774

## လျှပ်စစ်မီးကို အရှုံးခံရောင်းပေးနေရသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်မဝင်စားဟုဆို

မြန်မာနိုင်ငံ၌ လျှပ်စစ်မီးဖြန့်ဖြူးပေးရာတွင် အရှုံးခံကာရောင်းချပေးနေရသဖြင့် လျှပ်စစ်ဖြန့်ဖြူးရောင်းချရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်မဝင်စားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ကပြောသည်။ ဇန်နဝါရီ ၂၁ ရက်ကကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ လျှပ်စစ်နှင့် သက်ဆိုင်သောမေးခွန်းများ လာရောက်ဖြေဆိုအပြီးတွင် ၎င်းကသတင်းထောက်များအား ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားကုမ္ပဏီများသည် အစပိုင်းတွင် စိတ်ဝင်စားသော်လည်း လျှပ်စစ်မီးတာခများကို အရှုံးခံရောင်းချပေးနေရသည်ကိုသိသည့်အခါ ရင်းနှီးမြှုပ်နှံရန်စိတ်မဝင်စားကြောင်း ဒေါက်တာထွန်းနိုင်ကပြောသည်။

ထို့ကြောင့် လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာစေရန် လျှပ်စစ်မီးမရသေးသည့် ၅၆ ရာခိုင်နှုန်းသော ပြည်သူများ လျှပ်စစ်မီးရရှိစေရေး လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံရန်လိုအပ်ကြောင်း ဒေါက်တာထွန်းနိုင်က ပြောသည်။ မြန်မာနိုင်ငံတွင် ၄၄ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိပြီး ကျန် ၅၆ ရခိုင်နှုန်း လျှပ်စစ်မီးလုံးဝမရသေးဟု ၎င်းက ဆိုသည်။ ယင်းအပြင် စက်မှုလုပ်ငန်းရှင်များက ၎င်းတို့လုပ်ငန်းများကို ချဲ့ထွင်နိုင်ရေးအတွက် လျှပ်စစ်မီးပိုမိုရရှိရန်၊

အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်မီးစနစ်ရရှိရန် မျှော်လင့်နေကြောင်းဆိုသည်။ သို့သော် နိုင်ငံတော်အနေဖြင့် နှစ်စဉ်အရှုံးခံကာ လျှပ်စစ်ဓာတ်အား ရောင်းချပေးနေရသဖြင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံသစ်များတိုးချဲ့တည်ဆောက်ရန် အဆင်မပြေနိုင်ဖြစ်နေသည်ဟု ဒေါက်တာထွန်းနိုင်ကရှင်းပြသည်။

လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံရန်လိုအပ်ပြီး လက်ရှိတွင် တိုးမြှင့်ကောက်ခံမည့်ပမာဏကို တွက်ချက်နေကြောင်း၊ မည်သည့်အချိန်၌ စတင်တိုးမြှင့်ကောက်ခံမည်ကိုမူ မပြောနိုင်သေးကြောင်း ဒေါက်တာထွန်းနိုင်ကပြောသည်။ လျှပ်စစ်မီးသုံးစွဲနေသော ပြည်သူများထံမှ လျှပ်စစ်မီတာခကို တစ်ဦးလျှင် အနည်းငယ်စီတိုးမြှင့်ပေးခြင်းဖြင့် လျှပ်စစ်မီးလုံးဝမရသေးသော ပြည်သူများအား လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အပြင် စက်မှုလုပ်ငန်းများလည်း တိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာ၌ ကျပ်ဘီလီယံ ၅၀၀ ခန့် အရှုံးပေါ်ပြီး နိုင်ငံတော်ဘတ်ဂျက်မှကျခံခဲ့သည်။၂၀၁၈-၁၉ဘဏ္ဍာနှစ်တွင် လည်း ကျပ်ဘီလီယံ ၆၀၀ ကျော် အရှုံးပေါ်မည်ဟုခန့်မှန်းထားသည်။

**Source:** http://www.7daydaily.com/story/148046

## ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်း ပြန်လည်စတင်ရန် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်မည်

ယခင်အစိုးရ လက်ထက်တွင် လုပ်ကိုင်ခွင့်ပေးခဲ့သည့် ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရန် စီစဉ်နေကြောင်း ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ပွဲတော်အတွက် ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပြောကြားသည်။ ပုဏ္ဏားကျွန်း စီမံကိန်းကို ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၅ စက်တင်ဘာတွင် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အစိုးရသစ် အပြောင်းအလဲတွင် စီမံကိန်းရပ်ဆိုင်းပြီးနောက် ပြန်လည်စတင်ရန် စီစဉ်နေခြင်းဖြစ်သည်။

"ပုဏ္ဏားကျွန်း စက်မှုဇုန်ရဲ့ လက်ရှိအနေအထားက ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ထားတဲ့ အနေအထား ရှိပါတယ်။ နိုင်ငံတော်အဆင့် Project Bank ထည့်ပြီး ဖိတ်ခေါ်ထားပါတယ်"ဟု ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြောကြား သည်။

ပုဏ္ဏားကျွန်း စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းအတွက် မြန်မာ့ကျောက်ဖြူ အထူးစီးပွားရေးဇုန် ကုမ္ပဏီ (MKSH) နှင့် ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၅ စက်တင်ဘာ ၁၆ ရက်က နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

MKSH အများပိုင်ကုမ္ပဏီ၌ ရခိုင်ပြည်နယ်ဒေသ အသီးသီးမှ ကုမ္ပဏီ ၁၇ ခုဖြင့် ပါဝင်ဖွဲ့စည်း ထားသည်။

စက်မှုဇုန်ကို စက်ရုံလေးခုဖြင့် စတင်မည်ဖြစ်ပြီး ၎င်းတို့တွင် တယ်လီဖုန်း ဆက်စပ်ပစ္စည်းများ စက်ရုံ၊ အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်စက်ရုံ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းစက်ရုံနှင့် ဆေးဝါးစက်ရုံ တို့ပါဝင်သည်။

စတင်အကောင်အထည်ဖော်ရန် မြေဧက ၉၀၀ ကို အသုံးပြုခဲ့ပြီး စီမံကိန်းတစ်ခုလုံးအတွက် ဧက ၁,၈၀၀ အသုံးပြုမည်ဟုဆိုသည်။

ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်းအကောင်အထည်ပေါ်လာပါက ရခိုင်ပြည်နယ်၌ ကျောက်ဖြူအထူးစီးပွားရေးဇုန်ပြီးလျှင် အကြီးဆုံးစက်မှုဇုန်စီမံကိန်းဖြစ်လာမည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/148054

## အမျိုးအစားတူ သရက်စုဖွဲ့တင်ပို့တာက အကျိုးဖြစ်ထွန်းမှုပိုနိုင်

သရက်စိုက်ပျိုးထုတ်လုပ်ရာမှာ အသုံးပြုတဲ့သွင်းအားစုတွေကို တိုင်းဒေသကြီး/ ပြည်နယ်တွေအလိုက် နီးစပ်ရာအစုအဖွဲ့တွေ ဖွဲ့စည်းကာ စုပေါင်းအမျိုးအစားတူ ဝယ်ယူအသုံးပြုခြင်းက ရေရှည်မှာ တောင်သူတွေအတွက် အကျိုးဖြစ်ထွန်းမှုများနိုင်တယ်လို့ ကျွမ်းကျင်သူအချို့က သုံးသပ်ပြောဆိုပါတယ်။ မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က မန္တလေးတစ်ဝိုက်ဆို ခုချိန်က အဖူးအပွင့်စဝင်လာကြပြီ၊ တောင်သူတွေကို မျှဝေပေးချင်တာကတော့ ကိုယ့်အစုနဲ့ကိုယ် ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းချင်တယ်၊ ဥပမာ သရက်အိတ်စွပ်တယ်ဆိုပါစို့၊ တစ်ခြံနဲ့တစ်ခြံက ဝယ်တဲ့အိတ်ချင်းမတူဘူး၊ ကာလာလဲမတူကြဘူး၊ အဲဒီတော့ ဘာဖြစ်လဲဆိုရင် ထွက်လာတဲ့ အသီး

အရောင်အသွေးကလဲ တစ်ယောက်နဲ့တစ်ယောက် မတူကြတော့ဘူး၊ တရုတ်ပို့တဲ့အချိန်ကျ ပြဿနာစတက်တော့တာ၊ ဈေးနှိမ်ချင်ရင်လဲ လွယ်တာပေါ့ဗျာ၊ သူ့ဟာက အရောင်ရင့်တယ်၊ ကိုယ့်ဟာက နုတယ်လို့ ပြောပါတယ်။ နယ်စပ်ကုန်သွယ်ရေးကတစ်ဆင့် သရက်ပြည်ပတင်ပို့တဲ့ ဈေးကွက်ကို ပိုမိုထိန်းချုပ်နိုင်ဖို့ဆိုရင် တစ်ဦးချင်းတင်ပို့မှုထက် အမျိုးအစားတူ သရက်သီးကို အစုအဖွဲ့အလိုက် အရေအတွက်များများ တင်ပို့နိုင်ဖို့ လိုအပ်တယ်လို့ ၂၀၁၈ ခု ဩဂုတ်လက ကျင်းပခဲ့တဲ့ သရက်သီးပို့ကုန်အရည်အသွေး စံညွှန်းမြှင့်တင်ရေး (တရုတ်-မြန်မာ) အလုပ်ရုံဆွေးနွေးပွဲမှ သုံးသပ်ချက်တွေအရသိရပါတယ်။



ပြည်ပသရက်တင်ပို့တဲ့ဈေးကွက်ဟာ အရည်အသွေးပိုင်းကို လက်မခံလို့မရတဲ့ အခြေအနေသို့ရောက်နေပြီဖြစ်တယ်။ အရည်အသွေးသာမက သရက်အမျိုးအစားတစ်ခုချင်း (ဥပမာ-စိန်တစ်လုံး၊ ဟသ်ာ စသဖြင့်) အလိုက် တင်ပို့မှုကလည်း အရေးပါလာတဲ့ အနေအထားမှာရှိတဲ့အတွက် ၁၀ ခြင်း၊ ၁၅ ခြင်း ခန့်နဲ့ တောင်သူတစ်ဦးချင်း တင်ဆောင်ရောင်းချခြင်းကလည်း ဈေးကွက်ကို ထိန်းချုပ်နိုင်မှုအားနည်းစေတယ်။ ဒါကြောင့်မို့ တူရာစုပြီး အစုအဖွဲ့ပုံစံဖြင့် အရေအတွက်များများကို အရည်အသွေးကောင်းအောင် ပြုလုပ်တင်ပို့သင့်တယ်လို့ ဆွေးနွေးပွဲမှာ သုံးသပ်ဆွေးနွေးခဲ့တယ်လို့သိရပါတယ်။

အမျိုးအစားတူ သရက်သီးကို အရေအတွက်များများ တင်ပို့နိုင်ဖို့ဆိုရင် သရက်စိုက်ပျိုးထုတ်လုပ်ရာမှ အသုံးပြုတဲ့ သွင်းအားစုတွေကို တိုင်းဒေသကြီး/ပြည်နယ်တွေအလိုက် နီးစပ်ရာအစုအဖွဲ့တွေ ဖွဲ့စည်းကာ စုပေါင်းအမျိုးအစားတူ ဝယ်ယူအသုံးပြုခြင်းက အကောင်းဆုံးဖြစ်တယ်လို့ ကျွမ်းကျင်သူအချို့က သုံးသပ်ပါတယ်။

ဘယ်တံဆိပ်ရယ်လို့မဆိုလိုဘူး၊ ကိုယ့်အတွက်အသုံးတည့်မယ့် အသုံးဝင်မယ့်ဟာတွေ တောင်သူတွေစုပြီး ဝယ်မယ်ဆိုရင် ဈေးလဲချောင်နိုင်တယ်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ မြေဩဇာတူတူဝယ်မယ်ဆိုရင်လဲ ဈေးလျှော့နိုင်ကြောင်း၊ ဒါမျိုးလုပ်မယ်ဆိုရင် တောင်သူတွေအတွက်လဲအကျိုးရှိမယ်လို့ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းအတွင်းရေးမှူးကပြောပါတယ်။

**Source:** https://www.kumudranews.com/news-31928

## STOCK EXCHANGE (22.1.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -400 | -4.21% | 9,400 | 9,400 | 9,100 | 2,624 | 24,021,100 | 27,112,747 | 246,726 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 4,399 | 12,757,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 4 | 28,400 | 10,400,986 | 73,847 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,500 | 22,500 | 22,500 | 122 | 2,745,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.40 | -7.04 | -1.81% | 388.36 | 388.36 | 382.40 | 7,149 | 39,551,600 | 5 | 522,064 |

**Index chart**





# Market Overview

As of 1:00 pm, 22nd Jan. 2019

| MYANPIX | 382.40 ▼ 7.04 |
|---|---|
| Total Volume (shares) | 7,149 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 522,064 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 400 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |